ရန်ကုန်မြို့၊ဘာလုံ-ဆူးလေဘုရားလမ်း၊
အင်ဂျင်နီယာစက်ဆရာကြီး-
ဦးလှ-ရေးသော

နိုင်ငံရေးကလိမ်ခြုံများ

၁၃၀၀-ပြည့်နှစ်တွင်ရေးသည့်

# ဗမာ့အရေးတော်ပုံ

ပဌမတွဲ၊
ထုတ်-၂-ပြား၊
ဗမာပြည်တွင်ခေါင်းဆောင်
**အစစ်မရှိသေး။**
ဗမာ့ကံကြမ္မာလော၊

---

၁၀၀လျှင်၃ကျပ် ဖေါက်သည်ဈေးပေးပါ။

၁၀၇ ၊ဆူးလေဘုရားလမ်း၊ အလုံ၊ရန်ကုန်မြို့။

# ထောက်ခံချက်။

ဗဟိုရိတ္တိဗမာရောင်းဝယ်ရေးအဖွဲ့ကြီး၏အမှုဆောင် ဖြစ်သော အာဇ်ကျင်နီယာ စက်ဆရာကြီး ဦးလှ စီစဉ်ရေးသားသည့်ဗမာ့ဗေဒရေးထောင်ပုံစာတမ်းကို ဘတ်ကြည့်ရာ ၎င်းစာတမ်းမှာ၊ မြန်မာလူမျိုးများကို၊ သတိတရားရစေခြင်း၊ မျက်စိဖွင့်ပေးခြင်း၊ မိမိတို့၏ဉာဏ်ပါ၊ မှီနိုင်၍၊ ကိုယ်ကျိုးကိုသာရှာနေသော နိုင်ငံရေးဂျပိုးတို့သားရန်မှ ကင်းဝေးစေခြင်း၊ ထောင်သူလယ်သမားဆင်းရဲသားအပေါင်းတို့ ကို နှိုးကြားထကြွစေခြင်း၊ နိုင်ငံရေး အရှုပ်အထွေးတို့ကို ပြည့်စုံစွာဖေါ်ထုတ် ထား၍၊ ဗမာမှန်သမျှ ဝယ်ယူဘတ်ရှုပြီး၊ အိမ်ဆောင်တခုစီထားက၊ ဗမာပြည်ကြီး ထိထိရောက်ရောက် နေ့ခြင်း ညခြင်း ကြီးပွားထွန်းကားလိမ့်မည်ဟု ယုံကြည်သဖြင့်၊ ဦးလှ၏စာအုပ်မှာ၊ အထွက်နောက်ကျနေသည်ဟု ထင်မိ၏။ (၅) နှစ်ခန့် စောစောက ထွက်ပေါ်ခဲ့သော်၊ မြန်မာပြည်သည် ဤမျှလောက်နှစ်နာမည်မထင်ပေ၊ ဤကား၊ ဗမာ့ကံကြမ္မာတည်း၊ ဤစာအုပ်ကို ကျွန်ုပ်လုံးဝထောက်ခံသည်သာမက၊ နောင်ကိုလည်း ဤစာအုပ်မျိုးမကြာခဏ ထွက်နိုင်ပါစေဟု ဆုတောင်း၏။

(ပုံ) ဘီးလစ်-ဦးကျော်၊
ဗဟိုရိဗမာ့ရောင်းဝယ်ရေးအဖွဲ့၊
၆၉-ဘုန်းကြီးလမ်း-ရန်ကုန်မြို့။

# နိဒါန်း။

ဤစာအုပ်ကိုရေးသားရခြင်းမှာ၊ လက်ရှိ မြန်မာ ပြည် ခေါင်းဆောင်တို့သည်။ မြန်မာ တိုင်းသူပြည်သား တို့အား လှည့်ဖြားပြီးလျှင်။ မိမိတို့ကိုယ်ကျိုးသာ ရှာနေကြသည်တာ ကြောင်း။

ထိုပုဂ္ဂိုလ်တို့ကို အားပေးအားမြှောက်လုပ်နေသူ အလို တော်ရိတို့မှာလည်း၊ မိမိတို့နယ်။ ရွာ။မြို့များတွင် အမျိုး သားခြင်းလှည့်ဖြား၍။ကိုယ်ကျိုးရှာတို့ကိုမှီ၍။ မိမိတို့ကိုယ် ကျိုးများကိုသာ လုပ်နေသဖြင့်။ မြန်မာလူမျိုး တောသူ တောင်သားနှင့်အလုပ်သမားဆင်းရဲသားတို့မှာ။တနေ့ထက် တနေ့ဆင်းရဲလာကြသည်ကိုတွေ့မြင်ရခြင်းကြောင့်၎င်း။ဤ ကိုယ်ကျိုးရှာတို့၏ ရန်မှ ရှောင်ရှားနိုင်ကြ၍။ တကဲ့လွတ် လပ်ရေး။စီးပွားရေးတို့ကိုလုပ်ကိုင်နိုင်ကြရန် မေတ္တာရှေ့ ထား၍ ရေးသားလိုက်ရပါကြောင်း။

{မုံ} မောင်လှ။

အင်ဂျင်နီယာ-အလုံ။ ရန်ကုန်မြို့။

ဦးလှရေးသားသည့် နိုင်ငံရေးစာအုပ်များ

မကြာမှီထွက်တော့မည်။

၁။ ဗမာ့ရှေ့နှိုသူ

၂။ သခင်လော — အရှင်လော

၃။ သူပုန်ထကြ

အလိုရှိသော သူများသည်။ ယခုက ကြိုတင်၍ မှာကြားထားကြစေလိုပါကြောင်း။

# ဗမာ့အရေးတော်ပုံ။

အို…… တိုင်းသူပြည်သား မြန်မာအမျိုးသားတို့၊ သတိပြုကြလော့၊ နိုးကြားကြလော့၊ ကျွန်ုပ်တို့မြန်မာပြည်တွင် နိုင်ငံရေးကာလိမ်ရှိဖြင့် သင်တို့-ကျွန်ုပ်တို့အား နှိပ်စက်နေသည်ကို ယနေ့ကစ၍တွန်းလှန်ဖြိုဖျက်ကြလော့၊ သင်တို့အား မည်ကဲ့သို့နှိပ်စက်နေသည်ကိုအကျဉ်းဖြင့်ဖော်ပြပါအံ့၊ ဤဖော်ပြသောအချက်တို့မဟုတ်မမှန်ဟု ငြင်းဆိုပါက၊ ခရစေ့တွင်းကျ ငြင်းဆိုသောအချက်တို့ကို၊ အကျယ်ရေးသားဖော်ပြပါအံ့။

## အရေးတော်ပုံဖော်ပြခြင်း။

၁။ သက္ကရာဇ် ၁၂၈၂-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်နေ့တွင်။ ကျွန်ုပ်တို့အား ကျွန်ပညာသင်လာသောကျောင်းများကို ကျောင်းသားတို့သပိတ်မှောက်သည်မှစ၍၊ မြန်မာအမျိုးသားတို့ နိုင်ငံရေးတွင် နိုးကြားကြရာ၊ မြန်မာနိုင်ငံကြီးကို ဗြိတိသျှတို့ လက်အောက်မှ လွတ်မြောက်ရန် ခေါင်းဆောင်ခေါ် မျိုးချစ်တို့ ပေါ်ပေါက်လာကြလေ၏။ ဤကဲ့သို့ လူတွင်းကောင်း မျိုးချစ် အခေါ်ခံ ခေါင်းဆောင်များသည် ယနေ့ထိ မရေမတွက်နိုင်အောင် များပြားစွာရှိကြလေသည်။ ဤမျှလောက်များပြား၍ နှစ်ပေါင်းများစွာ အမျိုးမျိုးဆောင်ရွက်လာကြရာ။ မြန်မာလူ

မျိုးတို့မှာ တနေ့ထက်တနေ့သာ ပိုမိုဆင်းရဲ၍ အတိဒုက္ခ ပိုမိုခံစားကြရသည်မှာ မည်သူမျှမငြင်းနိုင်ပေ။ သို့ရာတွင် မျိုးချစ်အခေါ်ခံခေါင်းဆောင်တို့မှာ စီးစိမ်ပိုမိုခံစား၍၊ စီးပွားတိုးတက်နေသည်ကိုစဉ်းစားကြလော့၊ ခေါင်းဆောင်ကြီးတို့မှာ၊ နိုင်ငံရေးသည် စားလမ်းကြီး တရ ဖြစ်နေကြောင်းကောင်းစွာသိရှိကြသဖြင့်၊ ငွေအားဖြင့် ဆောင်ရွက်၍ ကိုယ်ကျိုးရှာနေကြသည်ကို သတိပြုကြလော။ ဤကိုယ်ကျိုးရှာ ခေါင်းဆောင်ကြီးတို့ကို၊ ယနေ့ထိ သင်တို့အား တကယ် သနားကြသည်ဟု ယုံကြည်နေကြသေးလျှင်၊ မြန်မာပြည်ကြီးလွတ်လပ်ရေးနှင့်ဝေးလေပြီ။ ကျောပေါ် ဒုတ်ကျမှ ဓားပြမှန်းသိဆိုသလို၊ ယခုကျောပေါ်ဒုတ်ကျပြီ။ ဓားပြမှန်းသိကြလော့။

## စားလမ်းထွင်ခြင်း။

၂။ တိုင်းပြည်မှာ သူတို့တင်သလို ကိုယ်ကျိုးထွက်လုပ်နေကြတာတွေ ပြန်လှန် စဉ်းစား ကြလော့။ သင်တို့ကျွန်ုပ်တို့ မည်မျှနစ်နာလာကြပြီကို တွေးဆ ကြလော့။ ၁၂၈၂ ခုနှစ်က ကျွန်ပညာကိုမလိုချင်၊ ကျွန်သဘောသို့ ဆွဲချနေသောပညာမျိုးသင်သည့် ကျောင်းများကိုအလိုမရှိ၍၊ သပိတ်မှောက်ကြ၊ သခင်ပညာနှင့် သခင် ကျောင်းတွေ တည်ထောင်ဟု တိုင်းပြည်တွင် ရံပုံငွေ များစွာကောက်ခံ၍ သုံးစွဲခဲ့၏၊ အမျိုးသားကျောင်းများ ဖွင့်ခဲ့၏၊ ကျောင်းအာ

ဆောက်အဦးကြီးများဆောက်ခဲ့၏။ သို့ရာတွင် ဤအမျိုး
သားကျောင်း၊ ထိုအမျိုးသားကျောင်း တို့တွင် ယနေ့
ထိ ကျွန်ုပ်ပညာသင်နေ၏။ ကျောင်းသားတို့မှာ ကျွန်ုပ်ပညာ
ပင်သင်ကြရ၏။ လူမခြားနား၊ သနားစဘွယ်ပင်၊ ထူးခြား
ချက်မှာကား၊ အမျိုးသားပညာဝန်ရာထူး၊ အမျိုးသား
ပညာရေးဌာနဟူသော စားလမ်းကြီးများ ကွက်ကွက်
ကွင်းကွင်းရှိဖွ၏။ သခင်ပညာကိုဖြင့် အိမ်မက် မမြင်မိ
သေးချေ။

## ကိုယ်ကျိုးရှာခြင်း။

၃။ ဤအမျိုးသားကျောင်းတို့သည်၊ လူ မခြားနား
သည့်ကျွန်ပညာသင်ကြားနေယုံမျှမဟုတ်။ အလွန်ဆိုးဝါး
သည့်အချက်များမှာ။ (၁) မြန်မာပြည်၏ မြို့တော်ကြီး
ဖြစ်သောရန်ကုန်မြို့ကြီးတွင် ဗဟိုရ် အမျိုးသား ကျောင်း
အုပ်ကြီးက၊ ဗြိုတိကရက်ဘ်တို့၏ အလိုတော်ရိများသော ရှိ
သောဘွဲ့ထူးတို့ကိုယူ၏။ တိုင်းပြည်ကို ကျွန်အောက် သ
သောက်ဖြစ်စေသည့် တိုင်းပြည်ကမနှစ်သက်သည့် ၉၁
ဌာနအုပ်ချုပ်ရေးအသက်သွင်းပေးနေသည့် အစိုးရအဘွဲ့
တွင် ရာထူးနှင့်လခကိုယူထားပြန်၏။ အမျိုးသားကျောင်း
ရုံပုံငွေမှလခကိုလည်း လက်မလွှတ်ပေ။ (၂) ကျောင်း
သားကလေးများကို ကျွန်စိတ်သွင်းပေးနေ၏။ သွင်းပေးပုံ
ကား၊—အမျိုးသားကျောင်းသားဟောင်းဖြစ်သော အစိုး

ရအမှုထမ်း၊ ဘုံကျွန် အရေးပိုင်း ဝန်ထောက်၊ မြို့အုပ်တို့ကို ကျောင်းသားဟောင်းအသင်းတွင်ဖြည့်ခံခြင်း။ ချီးကျူးခြင်း ပြု၍ အမျိုးသားကျောင်းသားများနှင့် မိတ်ဆက် ပေး၏။ ကျောင်းသားကလေးများမှာ၊ သခင်စိတ်မဝင်၊ ဘုံကျွန် လုပ်ရန်စိတ်ဝင်စားကုန်၏။ အမျိုးသားရုံပုံငွေသို့ တိုင်း ပြည်ကငွေပေါင်းမြောက်မြားစွာထည့်ဝင်ရသဖြင့်၊ တိုင်း ပြည်က အစိုးရအခွန်နှင့်အမျိုးသားကျောင်းရုံပုံငွေအခွန် ပါ၊အခွန် "၂" ရပ်ဆောင်ခဲ့ရ၍ ဆင်းရဲကြကုန်၏။ ယခု နောက်ဆုံးတွင်စားလမ်းတို့ဖြင့်လမ်းဆုံးနေချေပြီ၊ အမျိုး သားကျောင်းသားတို့ သင်တို့စဉ်းစားကြ၍ နိုးကြားကြ လော့။ သခင်ပညာကိုရအောင်ကြိုးစားကြလော့၊ ခံ၍မ နေကြလင့်၊ရှက်ကြလော့။

### စားလမ်းတမျိုး။

၄၊ မကြာမီက၊ အမျိုးသား တက္ကသိုလ်ဟု တည် ထောင်ကြ၏။တိုင်းပြည်က ငွေများစွာအလှူခံ၏။ ထိုအ မျိုးသားတက္ကသိုလ်တွင် ကျွန်ပညာသာတတ်သူတို့ စီမံ ကြ၏၊ သခင်ပညာတတ်တို့ ပါဝင်ခွင့်မပြု။ သခင်ပညာ သင်မည်ဟုကျေညာ၏၊သို့ရာတွင် ကျွန်ပညာကိုပင် သင် ပေးနေခဲ့သဖြင့်၊ ပါးနပ်သောကျောင်းသားတို့က အားမ ပေး၍၊ ဤအမျိုးသားတက္ကသိုလ် ပျက်စီးလေပြီ၊ ဝမ်းသာ စရာပင်။ ကျွန်ပညာကိုသာတတ်သောသူတို့က၊ သခင်

ပညာသင်ပေးမည်ဆိုတာရယ်ဘွယ်ဖြစ်၍၊ အဘယ်မှာ သင်တို့အားသခင်ပညာသင်ပေးနိုင်အံ့နည်း၊

## လှည့်စားနည်း။

၅။ အမျိုးသားစိတ်ထကြွစေရန်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးရလျှင်၊ မိမိတို့နိုင်ငံကိုမိမိတို့ကိုယ်တိုင်ကာကွယ်နိုင်ရန် ရဲတပ်တွေဖွဲ့ကြ၍၊ ရည်ရွယ်ချက်ကောင်းလှ၏။ ရဲတပ်ဗိုလ်ချုပ်ကြီးမှာ စစ်ပွဲတခါမျှမတိုက်ဘူး။ စင်ဗိုလ်အလုပ်လည်းမတတ်၊ သို့ရာတွင် ဗြူရိုကရက်တို့၏ အလိုတော်ရိလခစားရာထူးများလက်ခံခဲ့၏။ ယခုလည်း တိုင်းပြည်က အခဲ့နှလုံးနာသည့် ၉၁ ဌာန အုပ်ချုပ်ရေး အသက်သွင်းပေးနေသည့်အစိုးရအဖွဲ့တွင် လခစားရာထူးလက်ခံလျက်ရှိ၏၊ သို့အတွက် ရဲအဖွဲ့မှာ ၉၁ ဌာန၏ရဲဖြစ်နေပေ၏။ ရဲတပ်သားတို့ကို ပြန်၍ကြည့်လိုက်လျှင်၊ အလွန်ဝမ်းနည်းဘွယ်ရှက်ဘွယ် ကောင်း၏။ စစ်အတတ်ကို တကယ်ဘာမျှမတတ်ကြသော်လည်း၊ ဓနရှင်မျက်နှာကြီးတို့ မသာပို့ခြင်း၊ ဓနရှင်တို့၏အလှူပွဲ၊ မင်္ဂလာအခမ်းအနားနှင့် ကြိုဆိုပွဲများတွင် စစ်ခင်းကြ၏။ အလှူပွဲ၊ ကြိုဆိုပွဲမဏ္ဍာပ်တို့တွင်၊ ဓနရှင်နှင့် မျက်နှာကြီးသူတို့ ထိုင်ရန်၊ နေရာထိုင်ခင်းစီစဉ်ပေးခြင်း၊ မျက်နှာကြီးသူတို့အား စောင့်ရှောက်ရခြင်းနှင့် ဘိနပ်မပျောက်ရန် စောင့်ရှောက်ခြင်းတွင်ဝတ္တရားကျေပြွန်ကြ၏။ ပြသော်–ထူးဆန်း

သည့် အမျိုးသားစိတ်ထကြွစေခြင်းပေလော၊ မကြာမီက သာယာဝတီတနယ်လုံးတွင် ပုဒ်မ ၁၄၄ နှင့် တရားမဟောရန်ပိတ်ပင်သဖြင့်၊ ကန့်ကွက်သည့်သဘောဖြင့် အာရှင်စိုးသိမ်းနှင့် လူဘရာကျော် မိုင် ၁၀၀ ကျော်ခြေလျင်လျှောက်လာကြ၏။ ဤကိစ္စမှာ တိုင်းပြည် လွတ်လပ်မှုဆောင်ရွက်သူတိုင်းနှင့်သက်ဆိုင်၏။ ထို့အတွက် ရဲတပ်ကလည်းကြွ ဆိုရန်၊ ကြွ ဆိုရေးအဖွဲ့က တောင်းပန်၏၊ ရဲတပ်သားတို့ကလည်းကြွ ဆိုလိုကြ၏၊ သို့ရာတွင်ရဲဗိုလ်ကြီးတို့က အစိုးရအဖွဲ့ဝင်ဖြစ်သဖြင့် ခွင့်မပြု၍ ကြွ ဆိုခွင့်မရကြပေ။ တိုင်းပြည်တပြည်လုံးအရေးယူသင့်သည့် ဤကိစ္စမှာ ရဲဗိုလ်ကြီးတို့က ခွင့်မပြုသော်လည်း၊ ဘိုင်စကုတ် ရုပ်ရှင်ဇာတ်ကားတခုတွင်၊ ရုပ်ရှင် မင်းသမီး အာလောင်းကို ရဲတပ်သားတို့ထမ်း၍ မသာ ချလာသည့်ကို မြင်လိုက်ရ၏။ ထူးဆန်းသည့် ရဲရည်းကမ်း ပေတည်း။ တက္ကသိုလ် ကျောင်းသားများ သပိတ်မှောက် စဉ်က၊ ရဲဗိုလ်ချုပ်ကြီး၏သား သပိတ်မှောက်၊ အလိုတော်ရိဖြစ်နေ၏။ မျိုးချစ်စိတ်ထက်သန်လှသည့် ရဲဗိုလ်ချုပ်ကြီး ပေတည်း။ ဒို-ရဲတပ်သားအပေါင်းတို့ သင်တို့ ဘာလုပ်နေကြရသည်ကိုစဉ်းစားကြလော့။ သင်တို့အမျိုးသားစိတ်ရှိကြလော့၊ ရှက်ကြလော့၊ ရဲတပ်အစစ်ဖွဲ့ကြလော့။

တဖန်ဂျွန်တပ်၊ ဓါးမတပ်တို့ကိုစောင့်ကြည့်စမ်းပါ။

ငင်းတို့မှာလည်း ရဲတပ်များ သွားရာလမ်းအတိုင်းက လွဲ
မည်မဟုတ်၊ အမျိုးသားစိတ်ထကြွ၍ တိုင်းပြည် လွတ်
လပ်ရေးရရန်မဟုတ်။ ကိုယ်ကျိုးရှာ ဗိုလ်ချုပ်ကြီးတို့၏
ခွေခါးထစ်မျှသာ ဖြစ်လေသည်။ ဤတပ်တို့ စစ်ခင်းကြ
သည်ကို မတွေ့ရ သေးသော်လည်း၊ ဂျပန် ဗိုလ်ကြီးမှာ
ကုလားပိုင် စွပ်ကြယ်စက်ကြီး မှာငင်း၊ကုလားပိုင် ဗီးက
ရက်စက်ကြီးမှာငင်း၊ကုလားပိုင် အသက်အာမခံနှင့် အ
ခြားကုမ္ပဏီများတွင်ငင်း၊ကုလားတို့၏ ကယ်ကြက် သ
ဖွယ် ဒါရိုက်တာအလုပ်ကို လက်ခံလုပ်ကိုင်သူတဦးဖြစ်
နေပါလျက်။ ကုလားတို့ကို တိုက်တော့မလို့သို-မြန်မာ
တပ်တွေဖွဲ့နေပေတော့၏။ တဖန်အဓိကရုဏ်းအတွင်းက
မြန်မာများကို ပုလိပ်များ ဘမည်ကဲ့သို့ ပြုမူ စော်ကား
ကြောင်း သတင်းစာများက ရေးသား ဖေါ်ပြလျက်ပါရှိ
သော်လည်း ဂျပန်ဗိုလ်ကြီးက ဥပဒေပြုကောင်စီအစည်း
အဝေးတွင်၊ရန်ကုန်မြို့၌ ပုလိပ်တို့ အဓိကရုဏ်းဒုင်ချုပ်
ပုံ ကောင်းပါသည်၊ ကျေနပ်ပါသည်ဟု ပုလိပ်မင်းကြီး
ကိုပင်ကျေးဇူးတင်စကားများပြောကြားသေး၏။
{ လွတ်တော်စက်တင်ဘာလ ၉ ရက်နေ့ မှတ်တမ်းတွင် ကြည့် }
ဤကဲ့သို့ဂျပန်ဗိုလ်ကြီးစကားကို ရန်ကုန်သတင်းစာ
ကြီးတို့ကချန်ဖှပ်ထားခဲ့သဖြင့်၊ တိုင်းပြည်က နစ်နာခံရ
သူတို့မှာ ဖှည့်ပါတ်ခြင်းခံကြရလေသည်။ ရန်ကုန်မြို့သူ

မြို့သားတို့အားမေးမြန်းကြည့်လျှင်၊ ဂဠုန်ဗိုလ်နှင့် ဂဠုန် အလိုတော်ရိကလွဲလျှင်၊ အဓိကရုဏ်းအတွင်းက ပုလိပ်တို့ ပြုမူပုံကျေနပ်သူရှိမည်မဟုတ်ပေ။ ဤအချက်ပင် တရားပွဲ၌ လက်သီးလက်မောင်း တန်းတာတွေ ရယ်ဘွယ်ဖြစ်လာ၏။ရှေ့ကိုစောင့်ကြည့်ကြဦး။

### အလွမ်းမင်းသားကြီး။

၆။ မြန်မာလူမျိုးများ ကျွန်ဝင်းမှ မတက်နိုင်၊ အချုပ်ချုပ်ရေးမကောင်း၍ဆင်းရဲနေကြခြင်းကို မကြည့်နိုင်ပါဟု ဝမ်းနည်းပက်လက်ဖြစ်ပြီး၊ အစည်းအဝေးတိုင်း ရှိုက်ကြီးတငင်မျက်ရည်ကျ၍ ငိုပွဲဆင်ခဲ့သော သမတကြီးမှာလည်း၊ယခုအခါ စုတ်ပဲ့နွမ်းချာသည့် ၉၁-ဌာနအချုပ်ချုပ်ရေးတွင်၊ ရာထူးစည်းစိမ်နှင့် ပျော်ရွှင်စွာ ခံစားနေရပေပြီ၊သို့ရာတွင် ငဝန်ရေကာတာရိပ်ပုံငွေနှင့် ရေနံစက် အစုရှယ်ယာ ငွေများ အတွက် သတင်း မကြားရသေးချေ။ ဩော်...... ဒုက္ခ—ဒုက္ခ၊ယခုလည်း ညွှန့်ပေါင်းအစိုးရလုပ်ကိုင်ပုံ မကျေနပ်ကြ၍၊ကဲ့ရဲ့ရှုတ်ချခံရရာတွင်၊မိမိပေါဝင်သလို တိုင်းပြည်ကိုချစ်တဲ့မျိုးချစ်ဟန်ဆောင်၍၊တိုင်းပြည်ကို လှည့်ပါတ်၍တရားဟောနေပြန်၏။

### လူညာများ။

၇၊ ဝတ်လုံများ ကလည်း၊ တရားစင်ပေါ် တက်ပြီး အမျိုးသား အကျိုးတကာယ်ဆောင်ရွက်သလိုလိုနှင့်၊ နေ

ရာဇတကာဝင်၍ခေါင်းဆောင်လုပ်၊မှူးအ,လူနတ်ကိုကလည်း
ဝတ်လုံခိုလျှင်၊ တိုင်းကျိုးပြည်ကျိုး ဆောင်ရွက် တတ်
သည်ဟု အယူရှိနေကြသဖြင့်၊ တိုင်းပြည်ကြီးလွတ်လပ်
ရေးနှင့်ဝေးလေတော့၏၊ ဝတ်လုံတို့မှာအစိုးရ၏ လိုင်စင်
နှင့်အသက်မွေးရ၏၊ အစိုးရတို့နှင့် သင့်မြတ်ရ၏၊ တိုင်း
ပြည်လွတ်လပ်ရေးဆောင်ရွက်ရာတွင် အစိုးရနှင့်အတိုက်
အခံပြုရ၏၊အစိုးရအရာရှိတို့နှင့်ဆန့်ကျင်၏၊ သို့အတွက်
ဝတ်လုံတို့မှာ လိုင်စင်ပြုတ်မှာစိုးရိမ်ရခြင်း၊ အစိုးရအရာ
ရှိတို့နှင့်မသင့်တင့်က မိမိအမှုလိုက်ရာတွင် ကာသာမရ
မည်ကိုစိုးရိမ်ရခြင်းကြောင့်၊တရားဟောစင်ပေါ်မှာ လက်
သီးလက်မောင်းတန်းသလောက်၊အရာရှိတို့ကို ကွယ်ရာ
မှာရှိခိုးရ၏၊အလိုတော်ရိလုပ်ရ၏၊သို့မှသာလိုင်စင်မပြုတ်
သည်သာမက၊ မိမိလိုက်သောအမှု ကာသာရ၏၊ ခေါင်း
ဆောင်ယောင်ယောင်နှင့်တရားစင်ပေါ်တက်၍ အော်ခြင်း
မှာ မိမိတို့နာမည်ကြော်ငြာ၍ အမှုများများ လိုက်ရခြင်း၊
အစိုးရက အသံကျယ်လာလျှင်၊ ရာထူးဖြင့် ပါးစပ်ပိတ်
လျှင် ရာထူးရခြင်း စသည့်ငွေဝင်လမ်းတို့ကိုမျှော်ကိုးခြင်း
ပင်တည်း။ နှစ်နှဲ့ခွာစဉ်းစားရန်မှာ၊ ဝတ်လုံတို့မှာ ဥပဒေ
တတ်၏၊ အင်္ဂလန်နိုင်ငံတွင် ပညာသင်ကြားရ၏၊ကျွန်ုပ်
တို့ကို ကျွန်အဖြစ်မှာထားသောအင်္ဂလန်နိုင်ငံက၊ ထိုဝတ်
လုံတို့အားမိမိတို့ မြန်မာနိုင်ငံပြန်လာလျှင်၊ ကျွန်ဘွင်းမှ

လွတ်မြောက်အောင် ဆောင်ရွက် နိုင်မည့် ပညာမျိုးကို သင်ပေးလိုက်မည်လော၊သို့တည်းမဟုတ် မိမိတို့ မြန်မာ အမျိုးသားခြင်း လည်ပင်းကျိုးတပ်သည့်ပညာမျိုး သင် ပေးမည်လော၊ယခုဝိုင်းပြည်ကိုနှိပ်စက်နေသောအုပ်ချုပ် ရေးရာထူးများကို ဝတ်လုံတွေပင် လက်ခံခဲ့ကြသည် မဟုတ်လော၊သို့အတွက်ဝတ်လုံတွေကိုခေါင်းဆောင်တင် သမျှမြန်မာပြည်လွတ်လပ်ရေးနှင့်ဝေးလေပြီဟုမှတ်။

သူခိုးသေဘောာ်ညွှိပုံ။

၈၊ ဒါမို့ ပြောဒါမို့ မြေနှင့်အောာ်ဟင်နေကြသူတို့မှာလည်း တကယ်စင်စစ် တိုင်းရေးပြည်ရေးလုပ်ငန်းကို နားမလည် စီးပွါးရေးနှင့် ဖြစ်တက်ပျက်တတ်သည့် သဘာဝတရား ကိုနားမလည်ဘဲ နေရာတကာတွင် ဝင်ရောက်စွက်ဖက်၍ တောသူတောင်သားအလုပ်သမားတို့အား၊သပိတ်လက် နက် အမျိုးမျိုးအသုံးပြုရန် တိုက်တွန်းပေးခြင်းကြောင့်၊ စနေရှင်တို့၏ နှိပ်စက်ခြင်းနှင့် ငြိမ်ဝပ် ပိပြားရေးအတွက်၊ အစိုးရ၏ ဖိနှိပ်ခြင်းခံရရှာသည့်ငတ်ပြတ်နေသော မြန်မာ ဆင်းရဲသားတို့လည်းထောင်သောင်းမျှရှိနေပြီ။

ကိုယ်ပိုင် လုပ်ငန်းမရှိ၊ ဝင်ငွေမရှိသူတို့က၊ ဒို့ပြေ-ဒို့ မြေနှင့် အသံကျယ်စွာအော်ပြီးလျှင်၊ နေရာတိုင်းလိုက်၍၊ မိမိတို့ကဖြင့် တပြားတချပ်မျှမပေါ်ဘဲ၊ ရံပုံငွေ အမျိုးမျိုး ကောက်ခံပြီး၊ထိုရံပုံငွေကို အမှိုက်ပြုလျက် သွားကြလာကြ၊

စားကြသုံးကြယုံမျှမက။ ကယ်ဆယ်ရေးလုပ်သလိုလိုနှင့် တိုင်းပြည်ကအာဏာ။ငွေဖြင့်။ မိမိတို့ဝါဒတွေဖြန့်ကြ၏၊လေလုံးထွားကြ၏၊

တိုင်းကျိုးပြည်ကျိုး၊အမျိုးသား အကျိုးအတွက် ရှေ့ကနေပြီး၊ အသက်အသေ ခံမည်ဟု တရားစင်ပေါ်တွင် အော်ဟစ်ကြ၏၊ ကုလားဗမာ အဓိကရုဏ်းတွင်ထိုသူတို့ ကြွက်ပျောက် ဖျက်ပျောက်-ပျောက်နေကြ၏။ ဒုက္ခသည် မြန်မာတို့ကိုဒုင်း၊မဘရေးနှိပ်စက်ခံရသူမြန်မာတို့ကိုဒုင်း၊ ကူညီကြသည်ဟုမကြားရချေ၊ရံပုံငွေမရှိ၍ မပေါ်လာခြင်း ပေလော။

ရာထူးရနည်း။

၉။ အမျိုးကိုချစ်ပါတယ်၊သနားပါတယ်ဟု အော်ဟစ်နေကြတဲ့ မျိုးချစ်အဖွဲ့တို့မှာလည်း၊ညွန့်ပေါင်း အစိုးရထဲတွင် ရာထူးတောင်း၍ မရသည်နှင့် ညွန့်ပေါင်းအစိုးရကိုသာ မဲ၍ ဆဲနေခြင်းဖြင့်။ တိုင်းပြည်ကျိုးဘာမျှ မဆောင်ရွက်ကြဘဲ။ ရာထူးလုမှုဖြင့် အချိန်ကုန်စေပြီး၊ သတင်းစာတွေကို ငွေပေး၍ မိမိတို့ဝါဒဖြန့်အောင် လုပ်ခြင်းဖြင့်၊ရာထူးလုမှုကိုခိုင်မာအောင်လုပ်ကြလေသည်၊

ရာထူး လုသူတို့သည် တက္ကသိုလ် ကျောင်းသားတို့အား ဖျက်စီးနည်းများလဲ ကြပြန်၏၊ တက္ကသိုလ် ကျောင်းသားတို့မှာလည်း၊နိုင်ငံခြား တိုင်းပြည်လွတ်လပ်ရေး စာ

အုပ်များကိုသာ လေ့လာကြသဖြင့်၊ နိုင်ငံခြားနှင့် မတူသောမြန်မာပြည်၏နိုင်ငံရေးကို တကယ်မကျွမ်းကျင်ကြသေး။ ယခုမှစတင်လုပ်ကိုင်ကြ၏၊ သို့ဖြစ်၍ ဝါရင့်၍အံတိုသူတို့၏ ပရိယာယ်ကိုနားလည်နိုင်ရန်ခဲယဉ်း၏။ မြန်မာနိုင်ငံမြန်မာလူမျိုးများ၏လက်တွင် ကူးသန်းရောင်းဝယ်ရေးမရှိ၊ စီးပွါးရေးမရှိ။ ပစ္စည်းဥစ္စာမရှိ။ စက်မှုလုပ်ငန်းလက်နက် လုပ်ငန်းမရှိ၍၊ တက္ကသိုလ် ကျောင်းသားတို့သည်၊ ဒိမိဘ်ရှိသဘောအတိုင်းသာ စီမံဆောင်ရွက်ကြနိုင်ပါစေ၊ ဤစားလမ်း ကာလိမ်ချုံထဲ မပါဝင်ပါစေနှင့်ဟု ဆုတောင်း၏။

### မစားရတာသူသူ။

၁၀။ မြန်မာပြည်ကိုအိန္ဒိယပြည်မှခွဲခွါပြီး ၉၁ ဌာနအုပ်ချုပ်ရေးပေးစကာ သာကင်းစာအယ်ဒီတာများ အဖွဲ့က၊ ရာထူးမယူမှ ဤအုပ်ချုပ်ရေးပျက်၍ ပိုမိုကောင်းမွန်သောအုပ်ချုပ်ရေးရမည်ဟု ဆုံးဖြတ်ချက်ချပြီးလျှင်၊ အမတ်တို့ ရာထူးမယူကြရန်၊ သူပုန်တို့တိုင်းပြည်ကိုလှုံ့ ဆော်ပေးခဲ့၏။ ပြီးခဲ့သည့်အဓိကရုဏ်းသည် ဤအုပ်ချုပ်ရေးညံ့ဖျင်းခြင်းကြောင့်၊ မြန်မာများနစ်နာကြောင်း၊ တိုင်းပြည်ကိုရှင်းလင်းပြ၍ ရာထူးလက်မခံရန် သူပုန်တို့ တိုင်းပြည်ကိုလှုံ့ ဆော်ရန်အချိန်ကောင်းဖြစ်သော်လည်း၊ ရာထူးလုသူတို့၏ [illegible] လက်နက်ပရောဂဝင်ရောက်လာသဖြင့်၊ ရာ

ထူးလှသူတို့ဘက်ကနေပြီး လက်ရှိအစိုးရကို ဖြုတ်ချရန် တိုင်းပြည်နှင့်ရန်တိုက်လျှက်၊ အုပ်ချုပ်ရေး တိုက်ဖျက်မှုလုပ်ငန်းကို ဖုံးကွယ်ထားလေပြီ။ ဗြိတ်–စားလမ်းတွေ များလှပါကလား။

၁၁။ သတင်းစာတို့ကလည်း၊ မိမိတို့ လိုလားရာအဖွဲ့ကိုသာ အကောင်းရေးခြင်း၊ မလိုလားသော အဖွဲ့ကို ရှုပ်ချခြင်းဖြင့် တိုင်းပြည်၏အဆင့်အတန်းကို ဆုတ်ယုတ်စေသည်။ တိုင်းပြည်သိနားလည့်အပ်သော အချက်တို့ကို မရေး၊ တိုင်းပြည်ပျက်စီးပွင့်အောင်မရေး။ အမှန်ကိုမရေး၊ ဖုံးကွယ်ထားပြီးလျှင် တိုင်းပြည်ကျိုး မဟုတ်သည့် လူ့ကိုက်ဘာပုလိပ်သတ်မှုကဲ့သို့ အကျိုးမရှိသော သတင်းတို့ကို (၃)မျက်နှာထိ ရေးသားဖေါ်ပြခြင်း၊ လင်ငယ်နေမှု၊ မုဒိန်းမှုတို့ကိုသာ ထည့်သွင်းခြင်းဖြင့်တိုင်းပြည်ကိုဖျက်ဆီးပစ်နေပြီ၊

အမတ်လစာယူရေးဆိုးဖြတ်စဉ်က ကန့်ကွက်သော အမတ်တို့ကို သတင်းစာတွေက ခေါင်းစီးကြီးများဖြင့် ချီးကျူးကြ၏။ အဆိုသွင်းထောက်ခံသူ အမတ်တို့ကိုလည်း ခေါင်းစီးကြီးများဖြင့်ကဲ့ရဲ့ရှုတ်ချကြ၏။ ယခုသခင်အမတ် (၂)ယောက်ကလွဲ၍အားလုံးလစာယူကြ၏။ လစာယူစဉ်က ကန့်ကွက်သော အမတ်တို့က မိမိတို့ အဘိုးမဟုတ်၊ ဆင်းရဲသားများကိုလှူဒါန်းထောက်ပံ့ရန် လစာထုတ်သည်

ဟုကျေညာ၏။ ပြီးခဲ့သောကုလားဗမာရိုက်ပွဲတွင် ဝတ်ပြုတ်နေသူမြန်မာထောင်သောင်းမကာရှိ၏။ ဤထက်အရေးကြီးသော အချိန်အခါမရှိ။ လူ့ရန်နှင့် ဆင်းရဲသား များထောက်ပံ့ကူညီရန် လခထုတ်ကြသောအမတ်တို့ ငြိမ်ချက်ကောင်းလှ၏။ တပြားတချပ်မျှမလှူရုံမျှမက၊ မတရားဖမ်းဆီးချုပ်နှောင်ခံရသူတို့အားလည်း၊ သာမျှအကူအညီမပေးခဲ့သည်ကို တိုင်းပြည်က အသိမဟုတ်လော၊ ဤအကြောင်း ရန်ကုန်သတင်းစာကြီးတို့က မရေးဘဲ နေသည်ကိုစဉ်းစားကြလော၊ မြန်မာပြည်၏ သတင်းစာတို့ သဘောထားကိုသိရှိကြလော။

၁၂။ သတင်းစာကြီးတွေမှာ၊ အင်္ဂလိပ်၊ ကုလားခနှရှင်တို့၏မျက်နှာလိုက်၍ရေးနေရ၏။ သင်တို့အား လွတ်လပ်ရေးရအောင် မျက်စိဖွင့်ပေးနေသည်ဟု မယူဆကြလေနှင့်၊ သတင်းစာကြီးတို့၏သာမျက်နှာ(၁)ကစ၍အဆုံးအထိကြည့်လျှင်၊ အင်္ဂလိပ်နေရှင်ကုမ္ပဏီ၊ ကုလားခနှရှင်ကုမ္ပဏီကြီးတို့၏ကြော်ငြာတွေနှင့်ပြည့်လျက်ရှိ၏။မြန်မာတွေ မျက်စိပွင့်အောင် သွေးစုတ်ကောင်တွေ အကြောင်းရေးလျှင်။ထိုကြော်ငြာတို့ ရုတ်သိမ်းသွား၍ ၎င်းတို့၏စားလမ်းတွေပိတ်မည်ဖြစ်သောကြောင့်။ ထိုသတင်းစာကြီးတို့မှာ။ လွတ်လပ်စွာ မရေးနိုင်ကြောင်းအမြဲမှတ်ပါ။ သတင်းစာကြီးတို့မှာလည်း။ခနှရှင်သွေးစုတ်ကောင်တွေပင်

ဖြစ်၍၊ သင်တို့အား ဩသနားလို့ မျက်စိဖွင့်ပေးလိမ့်မည်ဟု မဟောကနှင့်၊ သင်တို့ ဤသတင်းစာမျိုးဘတ်ခြင်းဖြင့် အကျိုးမများပေ၊ သတင်းစာအဆင့်အတန်း အလွန်နိမ့်၍၊ သို့ရာတွင် အဘိုးနှုန်းထားကြီး၍၊ ငါးပြားမတန်ပေ၊ သင်တို့ပေးရသောတန်ဘိုးမှာ ခေါင်းပြီးဖြစ်သည့် ကြော်ငြာရှက်များကိုပါ ဝယ်၍ဘတ်နေရခြင်းဖြစ်သည်၊ သင်တို့မျက်စိ နှားပွင့်လိုလျှင်၊ ကာလအလင်း - ကာလ သတင်း မဟာဘ်သည့် နိုင်ငံရေးစာစုပ်များကို ဝယ်၍ ဘတ်ကြလော့၊ သင်တို့၏နှားမျက်စိ ပိတ်ထားသော ကြော်ငြာဝယ်တတ်သည့်အလား၊ သတင်းစာတို့ကို ရှောင်ကွင်းကြလော့၊ သို့မှလမ်းမှန်ကို သိကြမည်၊

၁၃။ ညွန့်ပေါင်းအစိုးရအဖွဲ့ဝင်နိုင်ငံရေးခေါင်းဆောင်ကြီးများ အကြောင်းကိုဖွင့်၊ ဦးကာလိမ် သတင်းစာတို့ဘ[illegible]ရော့ တွင်းကျ နေ့စဉ်နှင့်အချ ဖော်ပြနေ၍၊ တိုင်းပြည်အပျက်ဖြစ်ခဲ့၍၊ ထိုထက်ပိုမိုစုံလင်စွာရေးစရာမရှိပေ၊ ထော[illegible]ျ[illegible]လိုက်ပါ၍၊

[illegible]ာင်းရဲသားဝါဒကဖြင့် ဝါဒအတိုင်း ညီသွတ်၍လားမသိ၊ ဖြန့်မာလူမျိုးတို့ ဆင်းရဲလျက်ပင်ရှိ၍၊ ညွန့်ပေါင်းအစိုးရအဖွဲ့ဝင်အသီးသီးတို့၏ဝါဒများကိုစစ်ဆေးကြည့်ကာ၊ ဒေါက်တာဘမော်က ဆင်းရဲသားဝါဒဟု တိုင်းပြည်ကို ကျေညာထား၍၊ အခြားဝန်ကြီးချုပ်တို့က ဘာ

ဝါဒမှ ယနေ့ထိမကျေညာသေးသော်လည်း၊ ထိုဝန်ကြီး
ချုပ်—၏ဝန်ကြီးချုပ်တို့၏ ဝါဒမှာ ဒို့ဗမာဝါဒဖြစ်ကြောင်း
၎င်းတို့၏လုပ်ပုံကိုင်ပုံက ကျေညာလျက်ရှိပေတော့၏။

ညွန့်ပေါင်းအဖွဲ့သို့ ဒို့ဗမာဝါဒဖြင့် ဝင်ရောက်နေရာမှ လောဘဇောကိုမသိမ်းနိုင်၍၊ နန်းရင်းဝန်ရာထူးတိုးတက်ရရန်ကြိုးစားခဲ့သူ၊ ဖွတ်မရ ဓါးမဆုံးသည့် ဝန်ကြီးချုပ်တဦးမှာလည်း။ မိမိ လောဘဇောကြောင့် ညွန့်ပေါင်းမှထွက်သည်ကို တိုင်းပြည်ချက်နှာသောက်၍ ထွက်သလိုလို၊ တိုင်းပြည်အားလှည့်ပတ်နေပြန်၏၊ အတွင်းသိက ရယ်ကြ၏။

၁၄။ ဖေဗိယံနှင့် သခင်အမတ်တို့ကလည်း၊ ၉၁ ဌာနအုပ်ချုပ်ရေးကို တိုက်ဖျက်ပါမည်ဟု၊ တိုင်းပြည်ကို ကျေညာခဲ့၏၊ ယခု(၂)နှစ်ရှိတော့မည်၊ ရာထူးလှသူတို့ကိုသာကျည်းနေတော့၏၊ အုပ်ချုပ်ရေးတိုက်ဖျက်မှုနည်းလမ်းများ၊ ယနေ့ထိ စီစဉ်လုပ်ကိုင်သည် မကြားရသေးပေ၊ အိမ်မက်ပင်မမြင်ကြသေးချေ။

ဖေဗိယံအဖွဲ့ဝင်တို့လည်း၊ လူစုဝေးရာတိုင်းတွင် အသံကျယ်စွာအော်ဟစ်ကြ၏၊ အော်ဟစ်ပြီး ကွယ်ပျောက်ကြ၏၊ ဆင်းရဲသား အခွန်ထမ်းတို့အတွက်၎င်း၊ အခြားကိစ္စများတွင်၎င်း၊ တိုင်းပြည်အတွက် ဘယ်နေရာကမျှ ဝင်ရောက်ဆောင်ရွက်သည်မကြားရချေ။

သခင်တို့မှာလည်း၊ အချို့ ဓားမသခင်၊ အချို့ ဂဠုန်သခင်ဖြစ်နေကြသဖြင့်။ ညီညွတ်စည်းလုံးခြင်းမရှိကြပေ၊ ကြော်......စားရေးအတွက်ပါတကား။

၁၅။ အမျိုးသားသူနာပြုတပ်တွေဖွဲ့ကြ၏။ သူနာပြုဗိုလ်ချုပ်တွေ၏အရည်အချင်းကိုကြည့်ကြလော့၊ သူတို့၏ခြေလှမ်းကိုကြည့်ကြလော့။ သူတို့လည်း ရဲတပ်နည်းတူမျက်နှာကြီးတို့မသာပို့ခြင်း၊ ကြိုဆိုရခြင်းဖြင့် စစ်ခင်းကြ၏၊ ရုံပုံငွေတွေဖွင့်ကြ၏၊ စာရင်းဖြင့် အစိုးရက မစစ်ရပေ။ အမျိုးသားသူနာပြုတပ်ဟုဆိုလျှင်။ မြန်မာအမျိုးသားအတွက်ဆိုလို၏၊ အခြားလူမျိုးခြားအတွက် မဟုတ်ဟုယူဆ၏၊ အဓိကရုဏ်းအတွင်းက အမျိုးသားသူနာပြုတပ်မှာ ၄ လုံးပြူးနှင့် အစိုးရ ဂုဏ်ထူးဆောင်လက်မှတ်ကိုပေးသင့်သည်ချက်အဓိကကြောင့်၊ ဒို့မြန်မာဆိုသည့် စကားကိုပျောက် ၍နေ၏၊ မြန်မာတို့ ဇာတိမာန်ပျောက် ကွယ်နေ၏၊ ထိုအခါက ဒိဋ္ဌမျက်မြင်သူတို့မှာ အလွန်ဝမ်းနည်းကြေကွဲ၏။ ကြော်..... စာဒင်ကြီး အတိုင်းပါ တကား ကုလားဗမာ အမျိုးသားသူနာပြုတပ်ကြီးပါတကား။

အမျိုးသမီးသူနာပြုတပ်များလည်း ရှိပေ၏၊ ထိုသူနာပြုတပ်တို့လည်း ပေါ်ခဲ့သည့် ရဲတပ်-သူနာပြုတပ်တို့၏ရည်ရွယ်ချက်အတိုင်းပင်တည်း၊ ဝမ်းနည်းဘွယ်ကောင်း

## လောဘကြီးသူများ။

၁၆။ အသင်းဖွဲ့၍ အသင်းကြေးဖြင့် စားလမ်းထွင်ခြင်း၊ ရုံပုံငွေဖွင့်လှစ်၍ စားလမ်းထွင်ခြင်း၊ ရာထူးယူ၍ စားလမ်းထွင်ခြင်းများအပြင်၊ လောဘ အလွန်ကြီးသော ခေါင်းဆောင်ကြီးတို့မှာ၊ ချည်ထည်စက်ကြီးတည်၍၎င်း၊ ဆေးလိပ် ကုမ္ပဏီကြီး တည်၍၎င်း၊ သကြား စက်ကြီး တည်၍၎င်း၊ သင်္ဘောကုမ္ပဏီကြီးတည်၍၎င်း၊ ငွေအလုံးအရင်းရအောင် စီမံ၍ကိုယ်ကျိုးရှာကြသေး၏၊ မြန်မာအမျိုးသားတို့ကို စီးပွါးချမ်းသာဖြစ်အောင်မလုပ်ရုံမျှနှင့် မနေ၊ဆင်းရဲ၍ ကျွန်သဘောက်ဖြစ်အောင် အမျိုးမျိုးနှိပ်စက်ခဲ့ကြ၏၊ ထိုသူတို့မှာ အမျိုးသားခြင်း လည်ပင်းကြိုး တတ်သူများမဟုတ်ပါလော။

## အခွန်ထမ်းတို့၏ လည်ချောင်းသွေးဖြင့် ခြေဆေးသူများ။

ငွေကြေး အကုန်အကျခံ၍ မြူနီစီပါယ် လူကြီးဖြစ်အောင်အရွေးခံပြီး၊ စားလမ်းအမျိုးမျိုးတို့ဖြင့် ကိုယ်ကျိုးရှာ မျိုးချစ်အခေါ်ခံကြီးတို့မှာလည်း၊ (၃)နှစ်တကြိမ် အရွေးခံရမည့်သက်တမ်းကို မိမိတို့ဘဝါဒဖြင့်၊ (၅)နှစ်သို့တိုးမြှင့်လိုက်ကြ၏၊ ထိုလူကြီးတို့မှာ မြို့ရွာကဆန္ဒမဲဖြင့်တင်မြှောက်၍၊ မြူနီစီပါယ်လူကြီးဖြစ်ကြရသည်ကို သတိမမူမျှော်ကော်ခါ၊ ဆန္ဒမဲရှင်တို့၏ သဘော တူညီချက်

ကိုမှမတောင်းနိုင်ဘဲ၊ ငါမိတို့ကိုယ်ကျိုးသာရှေ့ရှုပြီး စား လမ်းသက်တိုးဖြင့်ကြ၍၊ အခွေ့မဲခွဲ ခွဲရှင်တို့ ငွေမနေကြ လင့်၊ သင်တို့၏မဲဆန္ဒဖြင့်တက်ပြီး၊ သင်တို့ ကြိုက်ကြိုက်၊ မကြိုက်ကြိုက်ဝေါးနှစ်တော့ သူတို့ ထင်ရာပြုသည်ကို ခံကြရမည့်အရေးတွေး၍ ကြောက်ကြလော့၊ ကန့်ကွက် ကြလော့၊ သူတို့၏ခြေလှမ်းကို ကြည့်ကြလော့၊ အချို့က လခယူရခြင်း ဆိုးဖြစ်ကြသေး၏၊ ထိုသူတို့သည် သင် တို့၏လည်ချောင်းသွေးဖြင့် ခြေဆေးသူတို့ပင်တည်း။

သို့ကြောင့်—

မြန်မာပြည်တွင်လွတ်လပ်ရေးဆောင်ရွက်နေကြပုံကို စိစစ်ကြည့်လျှင်.......

(၁) ကျွန်ပညာကိုသာတတ်မြောက်သူတို့က သခင် ပညာကျောင်းတွေထောင်၊

(၂) ဆေးအတတ်မတတ်သူက သူနာပြုတပ်ဖိုထ် လုပ်၊

(၃) စစ်အတတ်မကျွမ်းကျင်သူကရဲတပ်ဖိုထ်လုပ်၊

(၄) အစိုးရ လိုင်စင်နှင့် အစိုးရထံ ခူးထောက်၍၊ အသက်မွေးသူတော်လုံတို့က၊ လွတ်လပ်ရေးခေါင်းဆောင် လုပ်၊

(၅) နိုင်ငံရေး မကျွမ်းကျင်သူက၊ နိုင်ငံရေး တရား ဟော၊

(၆) ကိုယ်ပိုင်လုပ်ငန်းမရှိ၊သူများထံ ကျွန်လုပ်နေရ သူတို့က-သခင်ဝါဒတရားဟော။

(၇) ပစ္စည်းမရှိသူက ရိပုံငွေကောက်ခံ။

(၈) ကုန်သည် မဟုတ်သူက၊ ကူးသန်းရောင်းဝယ်ရေးနည်းလမ်းပြ။

ဤကဲ့သို့ ကမောက်ကမဖြစ်နေသော နိုင်ငံရေးသည်၊ စားလမ်းသမား ကိုယ်ကျိုးရှာတို့၏ စနစ်ဖြစ်သဖြင့်၊ မြန်မာပြည်လွတ်လပ်ရေးမရသည်ကို အံ့ဩစရာမရှိပေ။

၉၁-ဌာနအုပ်ချုပ်ရေး အသက်သွင်းပေးနေသည့် ရာထူးတည်းဟူသောအမဲရိုးကိုညွှန့်ပေါင်းနှင့် အတိုက်အခံ အမတ်တို့ မာန်ဖီပြိုးလုနေကြသဖြင့်၊ မြန်မာလူမျိုးတို့၏ စီးပွါးချမ်းသာတို့ကို ကာကွယ် စောင့်ရှောက်ရန် သတိ မရနိုင်၍၊ နိုင်ငံခြားသားတို့ လက်ဝယ်ရောက်ကုန်ပြီ၊ သို့ အတွက် တိုင်းသူပြည်သား မြန်မာအပေါင်းတို့၊ အမဲရိုး လုနေသည့် ကိုက်ပွဲကိုဝိုင်းပြီးအားမပေးဘဲ။ ၉၁ ဌာန အုပ် ချုပ်ရေးတို့ကို တိုက်ဖျက်ကြလော့၊ နိုးကြား ကြလော၊ လူလိမ်၊ လူညာ၊ ကိုယ်ကျိုးရှာတို့ကို ရှောင်ရှားကြလော၊ ကိုယ်ကျိုးရှာတို့၏ အလိုတော်ရိများ ပါရှောင်ကွင်းကြ လော့။

သို့မဟုတ် လက်ရှိအမတ်အားလုံးတို့မိမိတို့ကိုယ်ကို မိမိတို့တာချိန်တည်းသတ်သေကြလျှင်၊ ဤ ၉၁-ဌာန အုပ်

ချုပ်ရေးသည်၊ အမြန်ပျက်၍ တိုင်းပြည်ကောင်းစားလိမ့်မည်ဖြစ်သောကြောင့်။ မျိုးချစ်အမတ်တို့၊ တကယ် တိုင်းပြည်ကိုချစ်၍၊ တိုင်းပြည်အတွက် အသက်အသေခံမည်ဟု အော်ဟစ်ခဲ့သည့် အတိုင်း ဂတိမဖျက်ဘဲ၊ မိမိတို့ကိုယ်ကိုမိမိတို့သတ်သေကြရန် ကျွန်တော်နှင့်တကွ၊တိုင်းပြည်ကနှိုးဆော်လိုက်ပါသည်၊ဤကဲ့သို့နှိုးဆော်၍သတ်မသေကြလျှင်။မျိုးချစ်အခေါ်ခံအမတ်တို့သည်၊တိုင်းပြည်ကျိုးမဟုတ်၊ တိုင်းသူ ပြည်သားများ ကောင်းစားဖို့ မဟုတ်၊ မိမိတို့ ကိုယ်ကျိုး လုပ်နေကြောင်း ထင်ရှားပါ၍။ နောင်အခါ တရားပွဲများတွင်၊ တိုင်းပြည် ကောင်းစားရေး လုပ်ပါသည်ဟုမကြွားဝါရန်သတိပေးလိုက်ပါကြောင်း။

မှတ်ချက်။ ။ ၆ လုံးပြူးမကိုင်ဘူး၍၊ မတော်တဆ ထိခိုက်၍ သေဆုံးခြင်းကို တိုင်းပြည်အတွက် အသက်အသေခံသည်ဟု အသိအမှတ်မပြုနိုင်

---

မြန်မာပြည်တွင် နောက်လိုက် ကောင်းသလောက်၊ ခေါင်းဆောင်များ ညံ့ဖျင်းခြင်း၊ သတင်းစာတို့သည် သတင်းစာဝတ္တရားပျက်ကွက်ချင်းများကြောင့်၊ မြန်မာပြည် တပြည်လုံးဆင်းရဲသည်ထက် ဆင်းရဲကြောင်း ထင်ရှားစေခြင်းငှာ၊ဆက်လက်၍ အောက်ပါအချက်တို့ကို ရှင်းလင်းပွားရေးသားမည်ဖြစ်ကြောင်း။

၁။ ယခုလက်ရှိ ခေါင်းဆောင်တို့ လုပ်နေပုံမှာ လမ်းမှားဖြစ်နေကြောင်း။

၂။ မြန်မာသတင်းစာတို့ အောက်တန်းကြပုံ၊ နှင့် ချာလှသည့်အယ်ဒီတာတို့၏အရည်အချင်း။

၃။ အမျိုးဘာသာ၊ သာသနာ ကြီးပွါးရေးလုပ်ငန်း အစစ်နှင့် ယခုလက်ရှိခေါင်းဆောင်တို့နှင့်တကွ၊ မြန်မာပြည်တပြည်လုံး လုပ်နေပုံတလွဲစီဖြစ်နေခြင်း။

၄။ ခေါင်းဆောင်အခေါ်ခံမျိုးချစ်တို့၏အရည်အချင်း။

၅။ နိုင်ငံရေးလုပ်ပြီး စားလမ်းအမျိုးမျိုးရှာခြင်း။

၆။ အုပ်ချုပ်ရေးမကောင်းတာထက်ဆိုးဝါးလှသည့် ခေါင်းဆောင်တို့ပြုမူပုံ၊ ငင်းတို့ကြောင့်တိုင်းပြည်ဆင်းရဲပုံ၊

၇။ ရဲဘော်အစစ်၊သူနာပြုတပ်အစစ်ဖွဲ့စည်းနည်း။

၈။ သခင်ပညာရှင်များ။

၉။ ဗြိတိသျှတို့၏စိတ်ထားနှင့်မြန်မာပြည်။

၁၀။ မြန်မာလူမျိုးတို့နှင့်နိုင်ငံခြားသားများ။

၁၁။ စီးပွါးရေးကူးသန်းရောင်းဝယ်ရေးများ။

၁၂။ ဓနရှင်တို့၏စံနစ်။

၁၃။ အမေရိကန်နိုင်ငံတွင် သပိတ်လက်နက် အသုံးပြုနည်း။ဓနရှင်တို့ကိုတိုက်နည်း။

၁၄။ လွတ်လပ်ရေး လုပ်ငန်းနည်းသစ်နည်းဆန်းများ။

၁၅။ အခြားအကျိုးရှိမည့်သင်ချက်များ။

(ပုံ) ဦးလှ။

နေ့စွဲ ၁၅-၁၀-၃၈ အင်ဂျင်နီယာ၊အလုံ၊ရန်ကုန်။

**ဒုတိယတွဲဆက်ဘတ်မည်။**

# Knowledge.

ဆိုင်တိုင်းမှာမေး။

အင်္ဂလိပ်လိုပြောတတ်ရဲ့လား၊
အင်္ဂလိပ်လိုရေးတတ်ရဲ့လား၊
အထက်ပါမေးခွန်းကို ဘယ်လိုဖြေမှ-
ယခုခေတ်မှာအထက်တန်းကြသလဲ၊
နားလည်ပါရဲ့၊ တတ်ပါရဲ့ ဟု-
ရဲရဲဖြေလိုလျှင် နော့လိတ်ကိုဖတ်ပါ။

**တစောင် ၁၀ ပြား။**

မှာရန်...... KNOWLEDGE PUBLISHING HOUSE
N0. 10 MAUNG KHING STREET
RANGOON

# ဗမာတို့နိုးကြားထကြ။

ဗမာပြည်ကြီးမှာ၊ တိုင်းတပါးသားတို့ စီးပွားလမ်းဖြောင့်၍၊ ဗမာပြည်၏အုပ်ချုပ်ရေးကိုပင် ကြိုးကိုင်နိုင်ကြခြင်းမှာ ဘာ့ကြောင့်။

ဗမာတို့အလေးမပြုသောအရေးအကြီးဆုံး ကုန်သွယ်ရောင်းဝယ်ရေးကိုလုပ်ကိုင်ကြခြင်းကြောင့်ပင်ဖြစ်၏။

ထိုအလုပ် ဗမာပြည်မှာ ဗမာတို့ မလုပ်နိုင်သည့်မှာ ရှက်ဘွယ်ကောင်းလှပေ၏။ ကမ္ဘာပေါ်ရှိသမျှ တိုင်းပြည်တိုင်း၏ အရေးအကြီးဆုံးသည် ကုန်သွယ်ရောင်းဝယ်ရေးဖြစ်၏။ ထိုအရေး ဗမာတွေ နားလည်အောင် ဘီအေ ဦးကျော်ကြီး မှုး၍ထုတ်ဝေသော ဗမာ့ရောင်းဝယ်ရေး စာစောင်ကိုဘတ်၊ စာအုပ်ဆိုင်တိုင်း၌ရနိုင်သည်။

မြန်မာ့သိပ္ပံစာပုံနှိပ်တိုက်၊ ၁၄-လမ်း၊ ရန်ကုန်မြို့။